# SMILE UP TOP WOOD LIKE (PU 2K)

## ဂုဏ်သတ္တိများ

POLYURETHANE (PU 2K) နည်းပညာကို အခြေခံ၍ ထုတ်လုပ်ထားသော Gloss Level (1) သာရှိသည့် ဆေးသုတ်ထားသည်ဟု လုံးဝမထင်ရသော အပေါ်ဆေး အမျိုးအစားဖြစ်ပါသည်။ သစ်သား မျက်နှာပြင်များကို တာရှည်ခံအောင် ဆေးသုတ်ခြင်းသော်လည်းပဲ ဆေးသုတ်ထားသည်ဟု မထင်မှတ်လိုသော ၊ သစ်၏သဘာဝ အရောင်အတိုင်း လိုချင်သော သုံးစွဲသူများအတွက် အထူးသင့်လျော်သော ဆေးဖြစ်ပြီး ဆေးသားမျက်နှာပြင် ညီညာ ချောမွေ့ တောက်ပပါသည်။ ပွတ်တိုက်မှု့နှင့် ထိခိုက်မှု့ များကို ခံနိုင်ရည်ရှိသည်။ ဆေးဆန့် အား အထူးကောင်းမွန်ပါသည်။ မြင့်မားသောအပူချိန်များကို ခံနိူင်ရည်ရှိပါသည်။ ခြောက်သွေ့မှု မြန်ဆန်ပါသည်။

## အသုံးပြုရန်အညွှန်း

အသုံးမပြုမှီ သစ်သားမျက်နှာပြင်ကို သန့်ရှင်းခြောက်သွေ့အောင် ထားရပါမည်။ အမှုန် နှင့် ဆီချေးများ ကင်းစင်နေရပါမည်။ SMILE UP SEALER သုတ်ပြီး (၄) နာရီ အကြာတွင် Sealer သုတ်ထားသော မျက်နှာပြင်အား ကော်ပတ် No.(320-400) ဖြင့်ကော်ပတ်စား၍ သန့်ရှင်းမှု့ပြုလုပ်ပြီး SMILE UP TOP WOOD LIKE (2K) (အပေါ်ဆေး) ကို SPRAY (မှုတ်ဆေး) အဖြင့်သာ အသုံးပြုနိုင်ပါသည်။

- ဆေးဖျော်စပ်ရန်အချိုး SMILE UP TOP WOOD LIKE (A) : HARDENER (B) : THINNER # 200
  4 : 1 : 60~80%
  (မှုတ်ဆေးအဖြစ်သာသုံးရန်)

- အသုံးပြုနိုင်သောအကျယ်အဝန်းမှာ 80-100 $g/m^2$
- ပုံမှန်ခြောက်သွေ့ရန်ကြာချိန်မှာ ( ၃ မိနစ် မှ ၈ မိနစ် ) အတွင်းဖြစ်သည်။ SMILE UP SEALER အသုံးပြုပြီးမှသာ SMILE UP TOP WOOD LIKE (အပေါ်ဆေး) အားသုံးသင့်ပြီး ၊ အပေါ်ဆေး သုတ်ထား သောမျက်နှာပြင်အား (၁) ရက် နှင့် အထက် စောင့်ပြီးမှသာ စိတ်ကြိုက် အသုံးပြုနိုင်ပါသည် ။ (ခြောက် သွေ့ချိန်သည် ရာသီဥတု အမျိုးအစားပေါ်တွင်လည်း မူတည် ပါသည်။)
- ဆေးဖျော်စပ် ပြီးသားဆေးများကို (၂) နာရီ မှ (၂း၃၀) နာရီ အတွင်းသုံးစွဲရပါမည်။

## သတိပြုရန်အချက်များ

- ➢ ဆေးကို အသုံးမပြုမှီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နှံ့စပ်အောင် မွှေပြီးမှသာ အသုံ:ပြုရ ပါမည်။
- ➢ ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့ မှုမရှိအောင် ထားရပါမည်။
- ➢ အသုံးပြုပြီးသော ဆေးပုံးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေ နှင့် အလွယ်တကူဓာတ်ပြုသွားပြီး ဆေးသားများခမ်းခြောက်ပျက်စီးသွားနိုင်ပါသည်။